ဘုရားဖူးသုတရာကက်သလစ်ကမ္ဘာ အပိုင်း (၅)

## စိန်ဂျွန်းလတ္တရမ်ဘာစီလီကာကျောင်းတော်ကြီး

ကမ္ဘာ့အစောဆုံးသော ခရစ်ယာန်ဘုရားကျောင်းကို လက်ငြိုးထိုးပြရလျှင်တော့ ရောမမြို့တော်ရှိ စိန်ဂျွန်းလတ္တရမ်ဘာစီလီကာကျောင်းတော်ကြီးကိုပင် ထိုးပြရလိမ့်မည်။ ရောမမြို့တော်တွင် ပထမဆုံးဆောက်လုပ် တည်ထားရာ ဘာစီလီကာကျောင်းတော်ကြီးပင်ဖြစ်သည်။ အေဒီလေးရာစု၊ ခရစ်ယာန်တို့အား လွတ်လပ်စွာကိုးကွယ်ခွင့်ပေးပြီးနောက်၊ အင်ပါယာမင်းပိုင်သည့် နန်းတော်ကြီးအား ရောမမြို့တော်၏ဆရာတော်စံနန်းအဖြစ် ကွန်စတန်တင်းဘုရင်ကိုယ်တိုင် လှူဒါန်းခဲ့ပြီး ပုပ်ရဟန်းမင်းကြီး မလ်ခီယားဒေ (Melchiade, 311-314) လက်ထက်တွင် ဆောက်လုပ်တည်ထားခဲ့ပေသည်။ ဤကျောင်းတော်ကြီးသည် ခေတ်အဆက်ဆက် ရောမမြို့သို့ကျူးကျော်လာသူများ၏ဖျက်စီးခြင်းဒဏ်ကိုတမျိုး၊ ငလျင်ဒဏ်ကိုသော်လည်းကောင်း၊ မီးဘေးဒဏ်ကိုသော်လည်းကောင်း ခံစားခဲ့ရပြီး ခဏခဏဆိုသလို ရှေးမူလ လက်ရာများ မပျက်စီးအောင် ပြန်လည်မွမ်းမံထိန်းသိမ်းခဲ့ရပြီး ယနေ့အချိန်အထိ သပ်ပယ်စွာမြင်တွေ့နေရပေသည်။

ကမ္ဘာ့တဝှမ်းမှ ဘုရားဖူးခရီးသည်များ သတိမထားမိသည့်အချက်မှာ ရောမမြို့တော်ကြီး၏ ကက်သီဒြယ်ဘုရားကျောင်းကြီးမှာ ဗာတီကန်မှ စိန်ပီတာဘာစီလီကာကျောင်းတော်ကြီးမဟုတ်ဘဲ ဤကျောင်းတော်ကြီးဖြစ်ပေသည်။ ၎င်းအားစတင်ဆောက်လုပ်ခဲ့သည့်အချိန်မှ စ၍ယနေ့အချိန်ထိ ရောမမြို့တော်၏ ကက်သီဒြယ်ကြီးပင်ဖြစ်သည်။ ရောမမြို့တော်ကြီး၏ ဆရာတော်ကြီးတဖြစ်လည်း ပုပ်ရဟန်းမင်းကြီးအရှင်သူမြတ်၏ တရားဝင်စံနန်းရာကျောင်းတော်ကြီးပင် ဖြစ်ပေသည်။ အေဒီလေးရာစုမှစ၍ အေဒီ ၁၃ ရာစုအထိ၊ ပုပ်ရဟန်းမင်းကြီးအဆက်ဆက်တို့သည် ဤကျောင်းတော်ကြီးတွင် စံနန်းခဲ့ကြပြီး၊ အေဒီ ၁၄ရာစုမှာတော့ ပုပ်ရဟန်းမင်းကြီးများသည် ၎င်းကျောင်းတော်ကြီးနှင့် စံနန်းကိုစွန့်ခွာ၍ ပြင်သစ်ပြည်အတွင်းရှိ အာဗီညွန် (Avignon)ဟူသော မြို့တော်တွင် သီတင်းသုံး စံနန်းခဲ့ကြလေသည်။ ထို့နောက် အေဒီ ၁၆ တွင် ရောမမြို့တော်သို့ ပြန်လည်သီတင်းသုံးစံနန်းချိန်မှာတော့ ပုပ်ရဟန်းမင်းကြီးအဆက်ဆက်တို့သည် ဗာတီကန်မြို့တော်တွင်သာ စံနန်းကြရာ ယနေ့အချိန်ထိပင်ဖြစ်ပေသည်။ အမှန်အားဖြင့် ဤကျောင်းတော်ကြီးသည် ဂုဏ်သိမ်အားဖြင့် (*Omnium urbis et orbis Ecclesiarum Mater et Caput*) ကမ္ဘာတဝှမ်းလုံးရှိ ကက်သလစ်ခရစ်ယာန်များ၏ ဗဟိုကျောင်းတော်ကြီးပင် ဖြစ်ပေသည်။ ကျောင်းတော်ကြီး၏ ဘွဲ့နာမတော်မှာ သုံးခုရှိပေသည်။ ရှေးဦးမူလအစတွင် သန့်ရှင်းမြင့်မြတ်ဆုံးသော ကယ်တင်ရှင်ဘုရားဟု ဘွဲ့တော်ပေးခဲ့သော်လည်း နောင်အခါ ကျောင်းတော်ကြီးအား ပြန်လည်မွမ်းမံအပြီးတွင် သံယောဟန်ဗတ္တိဇံဟူသော ဘွဲ့နာမတော်ကိုသော်လည်းကောင်း၊ ကျမ်းရေးပုဂ္ဂိုလ်ကြီး သံယောဟန်ဟူသော

ဘွဲ့နာမတော်ကိုလည်း ထပ်မံပေးခဲ့ကြခြင်းဖြစ်ပေသည်။ ယနေ့အချိန်မှာတော့ ဤကျောင်းတော်ကြီးသည် စိန့်ဂျွန်းလတ္တရမ်ဟူသောဘွဲ့နာမအဖြစ် လူသိများပေသည်။ လတ္တရမ်ဟုထည့်ခေါ်ဆိုကြခြင်းမှာ ၎င်းကျောင်းတော်ကြီးတည်ရှိရာနေရာမှ ရှေးလတ္တရမ်မိသားစုအား အစွဲပြု၍ခေါ်ဆိုကြခြင်းလည်း ဖြစ်ပေသည်။

ရှေးယခင် ဤကျောင်းတော်ကြီးမဆောက်လုပ်မီ၊ ၎င်းနေရာတွင် လတ္တရမ်နန်းတော်ရှိခဲ့ပြီး ၎င်းတွင် လတ္တရမ်မိသားစုတို့နေထိုင်ခဲ့ကြပြီး ဆဌမမြောက်လတ္တရမ်မင်းသားမှာ ရောမအုပ်ချုပ်ရေးစနစ်၏ အမြင့်ဆုံးသောရာထူးဖြစ်သည့် တရားသူကြီးချုပ်နေရာကို ရရှိခဲ့ပြီး ရောမအင်ပါယာမင်းအဆက်ဆက်တို့ အားကိုးအားထားပြုခဲ့ရသော မြင့်မြတ်သည့်ဆွေကြီးမျိုးကြီးမိသားစုဖြစ်လာခဲ့သည်။ အင်ပါယာ နေရိုးဘုရင်မင်းလက်ထက်တွင် အင်ပါယာမင်းအားလုပ်ကြံဖို့ကြံစည်သည်ဟု စွပ်စွဲခံခဲ့ရာ ၎င်းမိသားစုပိုင် ပစ္စည်းများကို အင်ပါယာမင်းပိုင်အဖြစ် သိမ်းစည်းခံခဲ့ရလေသည်။ ထို့နောက် အေဒီ ၁၉၃တွင် ဤနေရာအား စပ္ပတိမီးအုစ် ဆဲဗဲလ်ရုစ် (Septimius Severus) ဦးဆောင်သော ဘုရင့်မြင်းတပ်တည်ထောင်ထားခဲ့လေသည်။ သို့သော်လည်း ကွန်စတန်တင်းဘုရင် စစ်နိုင်ချိန်တွင် ၎င်းမြင်းတပ်ကို ဖျက်သိမ်းခဲ့ပြီး ၎င်း၏ဒုတိယမြောက် မိဖုရား ဖောစ္စတာ (Fausta)အတွက် နန်းတော်ဆောက်လုပ်ပေးခဲ့လေသည်။ ထို့နောက် အေဒီ ၃၁၃ ခုနှစ်တွင် ခရစ်ယာန်အသင်းတော်၏ ညီလာခံကျင်းပရန်စပ်လျဥ်းပြီး ၎င်းနေရာအား လှူဒါန်းခဲ့ခြင်းဖြစ်မည်ဟု ယုံကြည်ရပေသည်။

ခေတ်အဆက်ဆက် သဘာဝမီးဘေးအန္တရာယ်များအနက် ၁၃၀၇ နှစ်နှင့် ၁၃၆၁ ခုနှစ်တို့တွင် ဖြစ်ပွားခဲ့သော မီးလောင်မှုမှာ ဘာစီလီကာကျောင်းတော်ကြီးအတွက် အထိနာဆုံးဖြစ်ခဲ့လေသည်။ ထိုအချိန် အာဗီညွန်တွင် သီတင်းသုံးနေပြီဖြစ်သော ပုပ်ရဟန်းမင်းကြီးသည် စရိတ်ထုတ်ပေးပြီး ဤကျောင်းတော်ကြီးအားပြုပြင်မွမ်းမံသော်လည်း ရှေးယခင်သပ်ပယ်မှုကို မမီတော့ပေ။ ထို့ကြောင့် ပုပ်ရဟန်းမင်းကြီးသည် အာဗီညွန်မှ ရောမမြို့တော်သို့ တဖန်သီတင်းသုံးစံနန်းချိန်မှာတော့ ဤကျောင်းတော်ကြီးမှာ သီတင်းသုံးရန်မဖြစ်တော့၍ ဗာတီကန်အား ရွေးချယ်ခဲ့လေတော့သည်။

ထို့နောက် ပုပ်ရဟန်းမင်းကြီး ပဥ္စမမြောက်စစ္စတုစ် (Sixtus V, 1521-1590)၏လက်ထက်တွင် ဤဘာစီလီကာကျောင်းတော်ကြီးအား ရှေးယခင်ကဲ့သို့သပ်ပယ်ခမ်းနားရန် ပြုပြင်မွမ်းမံမှုများ ပြန်လည် စတင်ခဲ့သည်။ ကျောင်းတော်ကြီးနှင့်ကပ်လျက် လတ္တရမ်နန်းတော်ဟောင်းကြီးကို ဖျက်၍ အသစ်ဆောက်လုပ်ခဲ့လေသည်။ ၎င်းနန်းတော်ရှေ့ ရင်ပြင်၌မူ တတုံးတည်းသောကျောက်သားဖြင့် ထုဆစ်ထားသော ကမ္ဘာ့အကြီးဆုံးသော မှတ်ကျောက်တိုင်ရှိသည်။ ၎င်း၏အလေးချိန်မှာ တန်ချိန် ၄၅၅တန်ရှိ၍ ဘီစီ ၁၅ရာစုကတည်းက အီဂျစ်ဘုရင် ဖာရော့ခ် () ကိုယ်တိုင် တည်ခဲ့သည့်မှတ်ကျောက်တိုင်ဖြစ်ပြီး အေဒီ ၄ရာစုတွင် ရောမမြို့တော်သို့ ကွန်စတန်တီနိဘုရင်မှ သယ်ဆောက်လာခဲ့ပေသည်။

ထို့နောက် ပုပ်ရဟန်းမင်းကြီး ဒသမမြောက်အင်းနိုးဆင့် (Innocent X, 1574-1655)လက်ထက်တွင် ဗိသုကာပညာရှင်များဖြစ်သည့် ဘာရိုမီနီ (Francesco Borromini)၏ဦးဆောင်မှုဖြင့် ဘာစီလီကာကျောင်းတော်ကြီး၏အတွင်းပိုင်း ပြုပြင်မွမ်းမံမှုများကို ထပ်မံပြုလုပ်ခဲ့လေသည်။ ကျောင်းတော်ကြီးအား မူလလက်ရာများအတိုင်း ထိန်းသိမ်းမွမ်းမံပြီး တမန်တော်ကြီး ၁၂ပါး၏ ဆင်းတုကြီးများကို အသစ်ဖြည့်ခဲ့လေသည်။ ထိုဆင်းတုကြီးများအား လက်ရာပြောင်မြောက်စွာထုဆစ်ခဲ့သူမှာ အထင်ကရပန်းပုပညာရှင် ရိုမန်ရော့ကို (Roman Rocco)ဖြစ်သည်။

ဒုတိယကမ္ဘာစစ်အတွင်းမှာတော့ ဤကျောင်းတော်ကြီးသည် မြောက်များလှစွာသော ဂျူးလူမျိုးများကို နာဇီဝါဒရှင်များနှင့် အီတလီဖက်စစ်ဝါဒသမားများ၏ ရန်မှကာကွယ်ပေးခဲ့သည့်ခိုလှုံရာနေရာအဖြစ် ပုပ်ရဟန်းမင်းကြီး ဒွါဒသမမြောက်ပီးဦး (Pius XII)မှ ခွင့်ပြုပေးခဲ့သည်။

၎င်းသက်တမ်းရင့်လှသော ဘာစီလီကာကျောင်းတော်ကြီးတွင် ဘာတွေကို ဖူးမျှော်တွေ့ရှိနိုင်မလဲ။

ကျောင်းတော်ကြီးထဲသို့မဝင်မီ ပရိဝုဏ်တွင် ဤကျောင်းတော်ကြီး၏အဓိကအလှူရှင် အင်ပါယာမင်း ကွန်စတန်တီနို၏ရုပ်တုကြီးရှိသည်။ ထို့နောက် ဘုရားကျောင်းတော်ကြီး၏ တံခါးမကြီးအား လေ့လာကြည့်သော် တံခါးမကြီးတစ်ခုလုံးမှာ ကြေးဖြင့်ပြုလုပ်ထားပြီး ရှေးခေတ်ရောမအင်ပါယာမင်းတို့၏ ဗဟိုလွှတ်တော်တွင် အသုံးပြုခဲ့သည့် တံခါးမကြီးပင်ဖြစ်ကြောင်း သိရှိရသည်။ ၎င်းအပြင် မေဂျာဘာစီလီကာကျောင်းကြီးဖြစ်သည့်အတွက် ၎င်း၏ညာဘက်တွင်လည်း သန့်ရှင်းသောဂျူဗီလီတံခါးမကြီးရှိပြီး ၂၅ နှစ်မှတကြိမ်၊ သို့မဟုတ် ထူးခြားသည့်နှစ်များမှသာလျှင် ဖွင့်ပေးလေ့ရှိသည်။ ထိုမှ- ကျောင်းတော်ကြီးထဲသို့ ဝင်လိုက်သောအခါ ကျောင်းတွင်းစင်္ကြန်တလျှောက် ခန့်ခန့်မားမားဖြင့် သပ်ပယ်လှသော တမန်တော်ကြီးများနှင့် ကျမ်းရေးပုဂ္ဂိုလ်ကြီးများ၏ ဆင်းတုတော်များကို တွေ့ရပေလိမ့်မည်။ ထိုဆင်းတုကြီးများကို ပုပ်ရဟန်းမင်းကြီး ကလဲမန့် (၁၁) ၁၇၀၁-၁၇၂၁ တွင် ထုဆစ်စေခဲ့လေသည်။ ထို့နောက် ဘုရားကျောင်းအရှေ့ဗဟိုရှိ ဘုရားစင်မြင့်ကြီး (High Altar)သည် ပုပ်ရဟန်းမင်းကြီးသာလျှင် အသုံးပြုရပေသည်။ ၎င်းဘုရားစင်ကြီး၏ နောက်ခံတွင် ရှေးလက်ရာဖန်စီကျောက်စီထားသည့် ဘုရားပုံတော်များနှင့်အတူ ကွိုင်ယာဟုခေါ်သော ခေတ်လယ်ပိုင်း ဘုန်းကြီးများ ဘုရားဝတ်ပြုရာနေရာလေးကို တွေ့ရှိနိုင်ပေသည်။ ထို့မှ ညာဘက်ခြမ်းရှိ ကိုယ်တော်မြတ်စက္ကရမင်တူး၏ ဘုရားစင်တွင် ယေရှုခရစ်တော်၏နောက်ဆုံးညစာ စားပွဲတော်မှ ခါတ်တော်မွေတော်ကို ဖူးမြင်နိုင်ပေသည်။ ရှေးယခင် ပုပ်ရဟန်းမင်းကြီးထိုင်သော ပလ္လင်ခုံမှာ ယခုအခါ ဗာတီကန်ပြတိုက်တွင် ထားရှိလေသည်။

ကျောင်းတွင်းရှိ မျက်နှာကျက်ကြီးမှာလည်း ရွှေရောင်ဖိန့်ဖိန့်ဖြင့် သပ်ပယ်လှသည်။ ၎င်းမျက်နှာကျက်အား လှေ့လာကြည့်လျှင် ၁၅၅၉-၁၅၇၂ အတွင်း စိုးစံခဲ့ကြသော ပုပ်ရဟန်းမင်းကြီး စတုတ္ထမြောက်ပီဦးနှင့် ပုပ်ရဟန်းမင်းကြီး ပဉ္စမမြောက်ပီဦးတို့၏ အမှတ်တံဆိပ်များကို တွေ့ရှိပေလိမ့်မည်။ ထို့မှ- အောက်ခြေခင်းထားသော ကျောက်ပြားမျက်နှာပြင်ကြီးမှာလည်း တနည်းတဖုံ ဆွဲဆောင်နေကြပြီး ရှေးပထမရာစုနှစ်များဆီသို့ ပြန်လည်ရောက်သွားသည့်အလား ခံစားရစေသည်။ ဤကျောင်းတော်ကြီးသည် ရှေးအနုပညာလက်ရာများဖြင့် ပြည့်နက်နေသည့်ကျောင်းတော်ကြီးပင် ဖြစ်သည်။

ကျောင်းတော်ကြီးအတွင်းဘက်မှ ညာဘက်ဘေးမှာတော့ စိန့်ဘက်နက်ဒက်အသင်းဂိုဏ်းဝင် ဘုန်းကြီးကျောင်းရှိပြီး ၁၃ ရာစုနှစ်မှ စတင်တည်ရှိခဲ့သည်။ ၎င်းဘုန်းကြီးကျောင်းတွင်း၌လည်း များစွာသော ရှေးခေတ် ယဉ်ကျေးမှုလက်ရာများစွာကို ဝင်ရောက်လေ့လာနိုင်ပေသည်။

ထို့နောက်၊ ဤစိန့်ဂျွန်းလတ္တရမ်ဘုရားကျောင်းတော်ကြီး၏ဘယ်ဘက် လမ်းတဖက်တွင် သန့်ရှင်းသော လှေကားထစ်များဟူသော ဘုရားကျောင်းငယ်လေးကို တွေ့ရပေလိမ့်မည်။ လွန်ခဲ့သော အေဒီ ၃၀ ခန့်တွင် ပီလာတူးမင်း၏ရုံး၌ တရားစီရင်ခံရသောအခါ ယေရှုးခရစ်တော်ဘုရားကိုယ်တော်တိုင် လျှောက်လှမ်း ခဲ့သော လှေကားထစ်များကို ကွန်စတန်တီနို၏မိခင် ဟယ်လင်နာမှ အရှေ့တိုင်းမှ ရောမမြို့တော်သို့ သယ်ဆောင်လာခဲ့ပြီး ပဌနာတော်အဖြစ် ထိုကျောင်းတော်ငယ်လေး၌ ထားရှိထားပေသည်။ ယနေ့အခါ ဘုရားဖူးခရီးသည်များဖြင့် ပြည့်နေတတ်ပြီး ထိုသန့်ရှင်းသောလှေကားထစ်များကို ဒူးထောက်တက်ကြကာ ယေရှုးခရစ်တော်ဘုရား၏ ဒုက္ခစရိယာခံထမ်းရာဝေဒနာများကို မျှဝေခံစားနေကြသည်။

မနောအောင်